**ပစ်တိုင်းထောင်ရုပ်ပြိုင်ပွဲ (၄) "NEVER GIVE UP" စာလုံးအဓိပ္ပာယ်**

ပစ်တိုင်းထောင်အရုပ်တို့၏ သဘောသဘာဝအတိုင်း မိမိသည်အားနည်းချက်များ ရှိသော်ညား ကိုယ်ထူကိုယ်ထဖြင့် တွန်းအားအခက်အခဲများစွာအား ရင်ဆိုင်ကာဖြင့် မည်သည့်အခါမှ အရှုံးမပေး လဲကျသော်ညား ကိုယ်ထူကိုယ်ထ ပြန်ထကာအပြုံးမပျက် စိတ်ဓါတ်မယိမ်း မယိုင်ပဲ ကိုယ်ရည်မှန်းချက်အား အနိုင်မခံအရှုံးမပေးဘဲ အောင်မြင်စွာဖြင့် ရယူပိုင်ဆိုင် ရပ်တည်နေနိုင်ရမည်ဟူသော စိတ်ဓါတ်ပိုင်ရှင် မြန်မာ့လာဘ်ကောင်အရုပ်လေး၏ စိတ်မှ **"NEVER GIVE UP"** ဟု ၎င်းတို့ဆောင်ပုဒ်အားရေရွတ်နေပုံအဖြစ် သရုပ်ဖော်ပြခြင်း ဖြစ်သည်။

**ခြင်းလုံး အသုံးပြုခြင်း အထိမ်းအမှတ်**

အားကစားစိတ်ဓါတ် ကိုအခြေခံထားသော ယှဉ်ပြိုင်ခြင်းသည် အဓိကဖြစ်ပြီး လဲကျလျှင် ပြန်ထနိုင်စေရန် သော်လည်းကောင်း၊ အားကစားပြိုင်ပွဲများတွင် နိုင်ငံဂုဏ်ဆောင် ရွှေတံဆိပ် ဆုများ ရယူပေးနိုင်ခဲ့သည့် မြန်မာ့ရိုးရာ ခြင်းလုံးအားကစားအား အထိမ်းအမှတ် အားကစား အဖြစ် ဂုဏ်ယူစွာဖြင့် ဂုဏ်ပြုဖော်ကျူးထား ပါသည် ။ထို့ပြင် မြန်မာ့ရိုးရာခြင်းလုံးပုံ ဒီဇိုင်းနှင့် အားကစား ၊ပစ်တိုင်းထောင်ရုပ်ကစားနည်း နှင့် အရုပ်ကလေးဖြစ်သော်ငြား ဘဝကို အရှုံးမပေးသည့် စိတ်ခွန်အားဖြစ်စေသည့် ရည်ရွယ်ချက်များစွာဖြင့် အခြေခံ သဘော သဘာဝ များအား ပေါင်းစပ်ဖန်တီးသရုပ်ဖော်ထားခြင်းဖြစ်သောကြောင့် ချစ်စရာ မြန်မာရိုးရာ ဓလေ့ စရိုက်များကို လည်း မြန်မာပြည်သူများသာမက လူမျိုးပေါင်းစုံမှ ကိုယ်တိုင်အလွယ်တကူ သိရှိ လေ့လာခွင့် ရနိုင်မည်ဖြစ်သည်။ နိုင်ငံတကာမှ ဧည့် သည်များအား လက်ဆောင်အဖြစ် ပေးလျှင်သော်လည်းကောင်း အိမ်အပြန်အမှတ်တရ လက်ဆောင်အဖြစ် ဝယ်ယူလျှင်သော် လည်းကောင်း အသက်အရွယ်မရွေးအသုံးပြုဆော့ကစားနိုင်စေမည်ဖြစ်သည်။

**သင်္ကေတအရောင် ဝါ ၊စိမ်း၊ နီ ၊အဖြူ၊ RGB(13634102)#882266**

မြန်မာနိုင်ငံ၏ အလံတော်တွင် ပါဝင်သည့် အရောင်များကို ကိုယ်စားပြုအရောင် အဖြစ်ထည့်သွင်းထားခြင်းသည် အဓိပ္ပါယ်များစွာ ပါဝင်နေကြောင်း လေ့လာ၍ သိရှိနိုင်မည် ဖြစ်သည်။ **#882266** ယင်း အရောင်သည် ရန်ကုန်တိုင်းဒေသကြီး ၏ ကိုယ်စားပြု အရောင် အား ခြင်းလုံးကိုယ်ထည်အတွင်း ထည့်သွင်းထားရခြင်းသည် ပြည်သူလူထု၏ နှလုံးသား အတွင်းထဲတွင်လည်း ရန်ကုန်တိုင်း ဒေသကြီးအစိုးရ၏ ပြည်သူအပေါ်ထားရှိသည့် စေတနာသည် ခန္ဓာကိုယ်တွင်း ပင်မသွေးကြော သဖွယ် ပြည်သူနှင့်အစိုးရတို့၏ စိတ်နှလုံး သားထဲ၌ ကိန်းအောင်း တည်ရှိနေခြင်းအား ကိုယ်စားပြုထားခြင်းဖြစ်ပါသည်။